ပိဋကတ္တယမာမကအသင်း

နာယကဆရာတော်များက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မူလပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ဓမ္မဒါယာဒသုတ်လာ အလယ်အလတ်ဖြစ်သောအကျင့် (မဇ္ဈိမပဋိပဒါ) ဖြင့် ပယ်အပ်သော ယုတ်ညံ့သော ပါပကတရားတို့ကို ပြည့်စုံစွာ ဖြေဆို၍ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ်နှင့်တကွ ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့ရာ၌ အခြင်းအရာအာကာရ, ညွှန်ပြဖွယ်ဥဒ္ဒေသတို့ကို ခွဲခြားဖြေဆိုပါ။

၂။ အာကင်္ခေယျသုတ်လာ သီလကိုဖြည့်ကျင့်သူ တောင့်တနိုင်သော တတိယ, ပဉ္စမ, သတ္တမအကျိုးတရားတို့ကို ဖြေဆို၍ သလ္လေခသုတ်လာ ဘုရားရှင်၏ အဆုံးအမ အနုသာသနီနှင့် နိဗ္ဗာန်ရောက်ကြောင်း တစ်ကြောင်းတည်းသော ခရီးလမ်းကို မဟာသတိပဋ္ဌာနသုတ်လာအတိုင်း ဖြေဆိုပါ။

၃။ ဒုက္ခသစ္စာ၌ ဒုက္ခသရုပ်ကို ပါဠိတော်လာသည့်အတိုင်း ဖြေဆို၍ ဘုရားရှင်က ရဟန်းတို့အား ကျူးရင့်ကြုံးဝါးရန် တိုက်တွန်းအပ်သော မကြောက်မရွံ့ ကောင်းစွာကြုံးဝါးခြင်း (သီဟနာဒ) ကို မှီခိုအားထားရာ (အဿာသ) နှင့်တကွ စူဠသီဟနာဒသုတ် လာသည့်အတိုင်း ဖြေဆိုပါ။

၄။ မြတ်စွာဘုရား ရှေး၌ ကျင့်ခဲ့ဖူးသော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော မြတ်သောအကျင့်ကို သိသာရုံမျှ ဖြေဆို၍ ယင်းတို့တွင် ဒုတိယအကျင့်ကို အကျယ်အားဖြင့် ဖြေဆိုပါ။

၅။ မဟာဒုက္ခက္ခန္ဓသုတ်လာ ကာမဂုဏ် ၅-ပါးသရုပ်ကို ထုတ်နုတ်ဖြေဆို၍ ရုပ်တရားတို့၏ သာယာဖွယ် အဿာဒ, ထွက်မြောက်ရာ နိဿရဏတို့ကို အများနားလည်အောင် ဖြေဆိုပါ။

၆။ အနုမာနသုတ်လာ အပြောအဆိုခက်ကြောင်းတရားတို့တွင် အစ ၅-ပါးတို့ကိုသာ ဖြေဆို၍ မဓုပိဏ္ဍိက-သုတ်လာ မြတ်စွာဘုရား အကျဉ်းဟောအပ်သော တရား၏အမည်ကို အမည်ရခြင်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၇။ ဒွေဓာဝိတက္ကသုတ်လာ နှစ်မျိုးနှစ်မျိုးပြုအပ်သော ဝိတက်တို့ကို ခွဲခြား ဖြေဆို၍ တစ်စုံတစ်ယောက်က မိမိအား လက်ဖြင့် ပုတ်ခတ်ခြင်းစသည် ပြုလုပ်ရာ၌ ပယ်စွန့်ရမည့်တရားနှင့် ပယ်စွန့်ရာ၌ ပြုကျင့်ရမည့် ကျင့်စဉ်တို့ကို ဖြေဆိုပါ။

၈။ အဘယ်အကျိုး အာနိသင်ကို ကောင်းစွာမြင်၍ ရဟန်းဂေါတမအပေါ်၌ အလွန်ကြည်ညိုပါသနည်း? ဟူသော အမေး၏ အဖြေကို မေးသူ, ဖြေသူတို့၏ နာမည်နှင့်တကွ ဖြေဆို၍ သာသနာတော်၌ နောက်ဆုံးပန်းတိုင် အနှစ်သာရကိုလည်း ဖြေဆိုပါ။

၉။ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ပါသနည်း? ဟူသော အမေး၏ အဖြေကို မြတ်စွာဘုရားနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့၏ အလိုအားဖြင့် ဖြေဆိုပါ။

၁၀။ စူဠယမကဝဂ် သာလေယျကသုတ်လာ နတ်ပြည်ရောက်ကြောင်း အကျင့်ကောင်းကို သိသာရုံမျှ ဖြေဆို၍ ယင်းအကျင့်ကို ကျင့်သောပုဂ္ဂိုလ် ရနိုင်သောအကျိုးတို့တွင် နောက်ဆုံးအကျိုး ၂-ခုမျှ ဖြေဆိုပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၃) တနင်္ဂနွေနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ကာယဒဏ်နှင့် မနောဒဏ်တွင် အဘယ်ဒဏ်က ပို၍ အပြစ်ကြီးပါသနည်း? နာဠန္ဒာမြို့ ဖျက်ဆီးပုံ ဥပမာပြ ဖြေဆိုပြီး တောအတိဖြစ်သွားသော တိုင်းပြည်ကြီးများကို ဖြစ်ကြောင်းနှင့်တကွ ရေးပါ။

၂။ ဖြဟ္မစိုရ်တရား, အသုဘသညာ, အနိစ္စသညာတို့ကို ပွားများခြင်း၏ အကျိုးတို့ကို ပွားများရာတရားတို့နှင့် အသီးသီး တွဲစပ်ဖော်ပြ၍ "ရေဝဲဘေး" ဆိုသည်ကို ရှင်းပြဖြေဆိုပါ။

၃။ သဒ္ဓါတရားရှိသူ ကျင့်စဉ်အရ မဂ်ဖိုလ်ရပုံနှင့် သဒ္ဓါတရားမရှိသူ အဆင့်ဆင့် သာသနာတော်မှ ဝေးကွာရပုံကို ကီဋာဂိရိသုတ်အရ ဖြေဆို၍ "သေပြီးနောက် နတ်ပြည်ရောက်သည့် အာဇီဝက ရှိသလော" ဟူသော ဝစ္ဆ ပရိဗိုဇ်၏ မေးခွန်းနှင့်စပ်ပြီး တေဝိဇ္ဇသုတ်၌ မြတ်ဗုဒ္ဓ ဖြေကြားခဲ့ပုံကို ပြည့်စုံအောင် ဖြေဆိုပါ။

၄။ သူတော်ကောင်းကို ဆည်းကပ်ခြင်းကြောင့် အကျိုးအဆက်ဆက်များ ရရှိနိုင်ပုံကို မာဂဏ္ဍီအား မိန့်ကြားခဲ့ သည့်အတိုင်း ဖော်ပြ၍ မဟာသကုလုဒါယီသုတ်လာ မြတ်ဗုဒ္ဓအား သာဝကတို့ ရိုသေလေးစားခြင်း၏ ပဥ္စမ အကြောင်းတရားကို ဘုရားအလိုတော်အရ ဖြေဆိုပါ။

၅။ တစ်ခုထက်တစ်ခု သာလွန်မွန်မြတ်သော အဆင်းအရောင်ရှိပစ္စည်းတို့ကို ဝေခနသသုတ်မှထုတ်နုတ် ရေးသား၍ အသိဉာဏ်မဲ့သူများ၏ တွေ့ဝေရာဖြစ်၍ နိဗ္ဗာန်တစ်ဖက်ကမ်းကို ရှာမှီးသူတို့၏ မတွေဝေရာဋ္ဌာန တို့ကို ရဋ္ဌပါလသုတ်ဂါထာတို့အရ ဖြေဆိုပါ။

၆။ ချွန်းကိုင်ပညာ ကျွမ်းကျင်သော ဗောဓိမင်းသား၏ အထံမှ ပညာသင်သော်လည်း ပညာမတတ်နိုင်သော ယောကျ်ား၏ အင်္ဂါ ၅-ပါးကို ဘုရားဟောထားသည့်အတိုင်း ဖြေဆို၍ ရန်သူ့အပေါ်ထားသော အင်္ဂုလိမာလ ထေရ်၏ စိတ်ထားများကို သူ၏ ဥဒါန်းစကားတို့မှ ထုတ်နုတ်ဖြေဆိုပါ။

၇။ ဣသိဒတ္တပုရာဏတို့နှင့် စပ်၍ ကောသလမင်းကြီး၏ ဘုရားအပေါ်၌ တရားအားလျော်စွာ သိသောဉာဏ် ဖြစ်ပေါ်လာပုံကို ဖြေဆို၍ "အင်္ဂါရှစ်ပါးရှိသော အာဟာရကို မြတ်စွာဘုရား ဘုန်းပေးသည်"ဟု ဆိုရာ ထို အင်္ဂါရှစ်ပါးကို မြန်မာလို ရေတွက်ပြပါ။

၈။ ဖြဟ္မာယုပုဏ္ဏားကြီး သံသယဖြစ်သော မြတ်ဗုဒ္ဓ၏ လက္ခဏာတော် ၂-ပါးနှင့် ယင်း၂-ပါးကို မြတ်ဗုဒ္ဓ ပြတော် မူပုံတို့ကို ဖြေဆို၍ သေလပုဏ္ဏားအား ဟောကြားထားသည့် မုခ ၇-ပါးကို ဖြေဆိုပါ။

၉။ ဗေဒင်ကို အာဂုံဆောင်နိုင်သော သီလမဲ့သူနှင့် ဗေဒင်ကို အာဂုံမဆောင်နိုင်သော်လည်း သီလရှိသူ အမြွာ နှစ်ယောက်ကို ကျွေးမွေးမှုနှင့် စပ်၍ မြတ်ဗုဒ္ဓနှင့် ပုဏ္ဏားတို့ အပြန်အလှန်ပြောဆိုခဲ့ပုံတို့ကို ဖြေဆိုကာ မျက်မှောက်ဘဝ၌ပင် (အမှန်/အမှား) အကျိုး၂-ခွဖြစ်နိုင်သော တရား ၅-ပါးကို ဖော်ပြပါ။

၁၀။ ဒက္ခိဏာဂိရိသို့ ခရီးထွက်လာသော ရဟန်းတစ်ပါးကို အရှင်သာရိပုတ္တရာက ဓနဉ္စာနီပုဏ္ဏားနှင့်စပ်ပြီး မေးမြန်းပြောဆိုပုံတို့ကို ဖြေဆို၍ သင်္ဂါရဝသုတ်လာ ရေနှင့်ဝေးစွာ ကုန်းပေါ်တင်ထားသည့် ထင်းစိုကို မီးမွေး သူ ဥပမာဖြင့် ပြသော ဥပမေယျစကားကိုသာ ဖြေပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈-ရက်၊ (၁၀-၇-၂၀၂၃) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ညီညွတ်ခြင်းကို ဖြစ်စေနိုင်သော တရားတို့တွင် (၄) ခုမြောက်တရား, ထိုတရားကို ကျင့်သုံးသင့်ခြင်း အကြောင်း, ထိုသို့ ကျင့်သုံးခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားတို့ကို ဖြေဆိုပါ။

၂။ "ဤသို့ (ဘုရားရှင် လွန်တော်မူပြီးဖြစ်၍) ကိုးကွယ်ရာမရှိသော သာသနာတော်၌ ညီညွတ်ခြင်း၏ အကြောင်း ကား အဘယ်ပါနည်း"ဟူသော ဝဿကာရပုဏ္ဏား၏အမေးကို အရှင်အာနန္ဒာ မည်သို့ ဖြေဆိုသည်ကို ရေး၍ မသူတော်တို့၏ လျှုံပုံလှူနည်းတို့ကိုလည်း ဖော်ပြပါ။

၃။ မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသော အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်များကို ဖော်ပြ၍ အကြောင်း အကျိုး အကောင်းအဆိုးကို သုံးသပ်ဆုံးဖြတ်နိုင်သော ပညာရှိဖြစ်အောင် ကျင့်သုံးထိုက်ခြင်းအကြောင်းကို ဗဟုဓာတုကသုတ်အရ တင်ပြပါ။

၄။ သောတာပန်ပုဂ္ဂိုလ် မပြုလုပ်နိုင်သောအရာတို့တွင် နောက်ဆုံး (၂) ခုနှင့် လောက၌ တပြိုင်နက် မဖြစ်နိုင် သော အရာများကို ဖြေဆို၍ ယူဇနာအရာအထောင်များစွာသို့ စားနပ်ရိက္ခာထုပ်ဖြင့် သွားရောက်ဖူးမြင်ထိုက် သော ပရိသတ်မျိုးကိုလည်း ရေးပါ။

၅။ အပေါင်းအဖော်မှ ဖဲခွါ၍ တစ်ပါးတည်းနေသော ရဟန်း ရရှိနိုင်မည့်အကျိုးတရားတို့ကို ရေး၍ အရှင်ဗာကုလ ၏ အံ့သြဖွယ်တရားတို့တွင် နောက်ဆုံး (၃) မျိုးကိုသာ ဖော်ပြပါ။

၆။ " အပါယ်သို့ ကျရောက်သူသည် လူ့အဖြစ်ကို ပြန်ရရန် အလွန်ရခဲ၏ " ဟု အဘယ့်ကြောင့် ဟောကြားတော် မူသည်ကို ဖြေဆို၍ ယမမင်း၏ တောင့်တချက် (၅) မျိုးကိုလည်း ဖော်ပြပါ။

၇။ အဘယ်သို့သော ရဟန်းကို " ကောင်းသော ညဥ့်တစ်ညဥ့်ကို ပိုင်ဆိုင်သောရဟန်း " ဟု မိန့်ကြားတော်မူ သည်ကို ရေးပါ။

၈။ ဖြစ်လေရာဘဝတို့၌ အခြံအရံပေါများစေတတ်သော အကျင့်တရားများကို ရေး၍ အဆောတလျင် စကား ပြောခြင်း၏ အပြစ်များကိုလည်း အရဏဝိဘင်္ဂသုတ်အရ ထုတ်ပြပါ။

၉။ အရှင်သာရိပုတ္တရာ ဟောကြားတော်မူသော တရားတော်ကို နာယူပြီးနောက် အနာထပိဏ်သူဌေး ငိုကြွေးရ ခြင်းအကြောင်းနှင့် ထိုသို့ငိုကြွေးပြီးနောက် တိုက်တွန်းသော စကားရပ်ကိုလည်း ရေးပါ။

၁၀။ သုနာပရန္တတိုင်းသားများအပေါ် အရှင်ပုဏ္ဏရဟန်း၏ စိတ်နေစိတ်ထားတို့ကို အစဉ်တကျ ဖော်ပြ၍ ယင်း သုနာပရန္တတိုင်း၌ နေထိုင်ရခြင်းကြောင့် ရရှိအပ်သော အကျိုးတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

## အပ်စု (၃) မဇ္ဈိမနိကာယ
## မူလပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့

---

၁။ ဓမ္မဒါယာဒသုတ်လာ အလယ်အလတ်ဖြစ်သောအကျင့် (မဇ္ဈိမပဋိပဒါ) ဖြင့် ပယ်အပ်သော ယုတ်ညံ့သော ပါပကတရားတို့ကို ပြည့်စုံစွာ ဖြေဆို၍ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ်နှင့်တကွ ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့ရာ၌ အခြင်းအရာအာကာရ, ညွှန်ပြဖွယ်ဥဒ္ဒေသတို့ကို ခွဲခြားဖြေဆိုပါ။

၁-ဖြေ (၁) လိုချင်တပ်မက်ခြင်း 'လောဘ'သည်လည်းကောင်း၊ စိတ်ဆိုးခြင်း 'ဒေါသ'သည်လည်းကောင်း၊
(၂) အမျက်ထွက်ခြင်း 'ကောဓ'သည်လည်းကောင်း ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ' သည်လည်းကောင်း၊
(၃) ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'သည်လည်းကောင်း၊ ဂုဏ်ပြိုင်ခြင်း 'ပဠာသ'သည်လည်းကောင်း၊
(၄) ငြူစူခြင်း 'ဣဿာ' သည်လည်းကောင်း၊ ဝန်တိုခြင်း 'မစ္ဆရိယ'သည်လည်းကောင်း၊
(၅) လှည့်ပတ်ခြင်း 'မာယာ'သည်လည်းကောင်း၊ ဟန်ဆောင်ခြင်း 'သာဌေယျ'သည်လည်းကောင်း၊
(၆) ခက်ထန်ခြင်း 'ထမ္ဘ'သည်လည်းကောင်း၊ ခြုတ်ခြယ်ခြင်း 'သာရမ္ဘ'သည်လည်းကောင်း၊
(၇) မောက်မော်ခြင်း 'မာန' သည်လည်းကောင်း၊ အလွန်မောက်မော်ခြင်း 'အတိ မာန'သည်လည်းကောင်း၊
(၈) မာန်ယစ်ခြင်း 'မဒ'သည်လည်း ကောင်း၊ သတိမေ့လျော့ခြင်း 'ပမာဒ'သည်လည်းကောင်း ယုတ်ညံ့၏။ (မြန်မာပြန်၊၂၁။)

ဤမည်သော ဘဝ၌ (ငါသည်) ဤသိုသောအမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသိုသော အဆင်းရှိခဲ့၏၊ ဤသိုသောအစာရှိခဲ့၏၊ ဤသိုသောချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသိုသော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါ) သည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း (ငါသည်) ဤသိုသောအမည် ရှိခဲ့၏၊ ဤသိုသောအနွယ်ရှိခဲ့၏၊ ဤသိုသောအဆင်းရှိခဲ့၏၊ ဤသိုသောအစာရှိခဲ့၏၊ ဤသိုသောချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသိုသော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါ) သည် ထိုဘဝမှ သေခဲ့၍ဤဘဝ၌ ဖြစ်ပြန်၏'' ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဖူးသော ဘဝကို အောက်မေ့နိုင်၏။ (မြန်မာပြန်၊၃၀။)

---

၂။ အာကင်္ခေယျသုတ်လာ သီလကိုဖြည့်ကျင့်သူ တောင့်တနိုင်သော တတိယ, ပဥ္စမ, သတ္တမအကျိုးတရားတို့ကို ဖြေဆို၍ သလ္လေခသုတ်လာ ဘုရားရှင်၏ အဆုံးအမ အနုသာသနီနှင့် နိဗ္ဗာန်ရောက်ကြောင်း တစ်ကြောင်းတည်းသော ခရီးလမ်းကို မဟာသတိပဋ္ဌာနသုတ်လာအတိုင်း ဖြေဆိုပါ။

၂-ဖြေ ရဟန်းတို့ ရဟန်းသည် ''ငါသည် အကြင်ပုဂ္ဂိုလ်တို၏ သင်္ကန်း ဆွမ်း ကျောင်းအိပ်ရာနေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို သုံးဆောင်၏၊ ထိုပုဂ္ဂိုလ်တို၏ ထိုဒါနပြုခြင်းတိုသည်ကြီးမြတ်သော အကျိုးအာနိသင်ရှိကြပါစေ'' ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတိုကို ဖြည့်ကျင့်သူ မိမိ၏စိတ်ကိုငြိမ်သက်အောင် ကြိုးစားသူ (ကမ္မဋ္ဌာန်း) ရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူဆိတ်ငြိမ်ရာ (ကျောင်း)တိုကို တိုးပွားစေသူသာလျှင် ဖြစ်ရာ၏။ (၃)

ရဟန်းတို့ ရဟန်းသည် ''မပျော်မွေ့မှု ပျော်မွေ့မှုတို့ကို နှိမ်နင်းသူ ဖြစ်ရလို၏၊ ငါ့ကိုမပျော်မွေ့မှုသည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် မပျော်မွေ့မှုကို ဖိနှိပ်၍ ဖိနှိပ်၍ နေလို၏'' ဟုအကယ်၍ တောင့်တခဲ့ပါမူ သီလတိုကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တိုကို တိုးပွားစေသူသာလျှင် ဖြစ်ရာ၏။ (၅)

ရဟန်းတို့ ရဟန်းသည် ''အလွန်စင်ကြယ်သော စိတ်ကြောင့် ဖြစ်သည့် မျက်မှောက်ချမ်းသာစွာနေရေး ဟူသော (ရူပါဝစရ) ဈာန်လေးပါးတိုကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်ရလို၏'' ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတိုကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တိုကိုတိုးပွားစေ သူသာလျှင် ဖြစ်ရာ၏။ (၇) (မြန်မာပြန်၊၄၄။)

စုန္ဒ! တပည့် 'သာဝက'တို၏အကျိုးစီးပွားကို ရှာမှီး လိုလားလျက် အစဉ်သနားစိတ်ရှိသော သင်တို ဆရာ ငါဘုရားသည် အစဉ်သနားစိတ်ကို စွဲ၍ ပြုသင့် ပြုထိုက်သော တာဝန်ကို သင်တိုအတွက် ပြုပြီးပေပြီ။ စုန္ဒ ဤသည်တိုကားသစ်ပင်ရင်း, ဆိတ်ငြိမ်ရာဌာနတို ဖြစ်ကုန်၏၊ (တရားကို) ရှုဆင်ခြင်ကြကုန်လော့၊ သတိမမေ့မလျော့ကြကုန်လင့်၊ နောင်အခါမှ နှလုံးမသာ မဖြစ်ကြကုန်လင့်၊ ဤကား ငါတို၏ အဆုံးအမတော်ပေတည်းဟု (မိန့်တော်မူ၏)။ (မြန်မာပြန်၊၆၀။)

နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတိုပင်တည်း။ (မြန်မာပြန်၊၇၆။)

၃။ ဒုက္ခသစ္စာ၌ ဒုက္ခသရုပ်ကို ပါဠိတော်လာသည့်အတိုင်း ဖြေဆို၍ ဘုရားရှင်က ရဟန်းတို့အား ကျူးရင့်ကြံုးဝါးရန် တိုက်တွန်းအပ်သော မကြောက်မရွံ့ ကောင်းစွာကြံုးဝါးခြင်း (သီဟနာဒ) ကို မှီခိုအားထားရာ (အဿာသ) နှင့်တကွ စူဠသီဟနာဒသုတ် လာသည့်အတိုင်း ဖြေဆိုပါ။

၃-ဖြေ ရဟန်းတို့ ဒုက္ခသစ္စာဟူသည် အဘယ်နည်း။ ဇာတိသည်လည်း ဒုက္ခတည်း၊ ဇရာသည်လည်း ဒုက္ခတည်း၊ မရဏသည်လည်း ဒုက္ခတည်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့သည်လည်း ဒုက္ခတို့တည်း၊ မချစ်ခင် မနှစ်သက်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းသည်လည်း ဒုက္ခတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဒုက္ခတည်း၊ အလိုရှိသည်ကို မရခြင်း သည်လည်း ဒုက္ခတည်း၊ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခတို့တည်း။ (မြန်မာပြန်၊၈၉။)

''ရဟန်းတို့ ဤသာသနာတော်၌သာလျှင် (သောတာပန်) ရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် ဒုတိယ (သကဒါဂါမ်) ရဟန်း 'သမဏ'ရှိ၏၊ ဤသာသနာတော်၌သာလျှင် တတိယ (အနာဂါမ်) ရဟန်း 'သမဏ'ရှိ၏၊ ဤသာသနာတော်၌သာလျှင်စတုတ္ထ (ရဟန္တာ) ရဟန်း 'သမဏ' ရှိ၏၊ သာသနာ့ ပြင် ပ ပုဂ္ဂိုလ်တို့၏ အယူဝါဒတို့သည် (သစ္စာလေးပါးကို သိသော) ရဟန်း 'သမဏ'တို့မှ ဆိတ်သုဉ်း ကုန်၏'' ဟု ဤသို့ မကြောက်မရွံ့ကောင်းစွာကြံုးဝါးကြကုန်လော့။

တရားလေးပါးတို့ဟူသည် အဘယ်တို့နည်း။''ငါ့သျှင်တို့ ငါတို့အား ဘုရား၌ ကြည်ညိုခြင်းရှိ၏၊ တရား၌ ကြည်ညိုခြင်းရှိ၏၊ အကျင့်သီလတို့၌ ဖြည့်ကျင့်မှုကို ပြုလေ့ရှိ၏၊ ချစ်နှစ်သက်ဖွယ်ဖြစ်သည့် တရားကျင့်ဘက် လူ ရဟန်းတို့ ရှိကြကုန်၏။ (မြန်မာပြန်၊၉၉။)

---

၄။ မြတ်စွာဘုရား ရှေး၌ ကျင့်ခဲ့ဖူးသော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော မြတ်သောအကျင့်ကို သိသာရုံမျှ ဖြေဆို၍ ယင်းတို့တွင် ဒုတိယအကျင့်ကို အကျယ်အားဖြင့် ဖြေဆိုပါ။

၄-ဖြေ သာရိပုတြာ! ငါသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော မြတ်သော အကျင့်ကို ကျင့်ဖူးသည်ကိုအမှတ်ရ၏။ ခြိုးခြံသော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် ခြိုးခြံသော အကျင့်ရှိ၏၊ ခေါင်းပါးသော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် ခေါင်းပါးသော အကျင့်ရှိ၏၊ စက်ဆုပ်တတ်သောအကျင့်ရှိ၏။ အခြားသူတို့ထက် လွန်ကဲသည့် စက်ဆုပ်တတ်သော အကျင့်ရှိ၏။ ဆိတ်ငြိမ်သော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် ဆိတ်ငြိမ်သော အကျင့်ရှိ၏။ (မြန်မာပြန်၊၁၁၈။)

သာရိပုတြာ! ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသည့် မြတ်သောအကျင့်၌ ဤဆိုလတ္တံ့သည်ကား ငါ၏ စက်ဆုပ်တတ်သော အကျင့်ပေတည်း။သာရိပုတြာ ထိုငါသည် ရေပေါက်မျှ၌သော်လည်း ငါ့အား သနားခြင်း ကရုဏာ ဖြစ်ပေါ်ခဲ့၏၊ ''ငါသည်မညီမညွတ်အရပ်၌ တည်ကုန်သော (ရေပေါက်တည်းဟူသော) သတ္တဝါငယ်တို့ကို သတ်ဖြတ်ခြင်းသို့မရောက်ပါစေလင့်'' ဟု နှလုံးသွင်းကာ သတိရှိလျက် ရှေ့သို့ တက်၏၊ သတိရှိလျက်သာ နောက်သို့ဆုတ်၏၊ သာရိပုတြာ ဤကား ငါ၏ စက်ဆုပ်တတ်သော အကျင့်ပေတည်း။

(မြန်မာပြန်၊၁၁၉။)

---

၅။ မဟာဒုက္ခက္ခန္ဓသုတ်လာ ကာမဂုဏ် ၅-ပါးသရုပ်ကို ထုတ်နုတ်ဖြေဆို၍ ရုပ်တရားတို့၏ သာယာဖွယ် အဿာဒ, ထွက်မြောက်ရာ နိဿရဏတို့ကို အများနားလည်အောင် ဖြေဆိုပါ။

၅-ဖြေ ရဟန်းတို့ ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတိုနည်းဟူမူ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ် သဘောရှိ၍ကာမ 'ရာဂ' နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော, စက္ခုဝိညာဏ်ဖြင့် သိရသော အဆင်း၊ သောတဝိညာဏ်ဖြင့် သိရသော အသံ။ပ။ ဃာနဝိညာဏ်ဖြင့် သိရသော အနံ့။ပ။ ဇိဝှါဝိ ညာဏ်ဖြင့်သိရသော အရသာ။ပ။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ 'ရာဂ' နှင့်စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော, ကာယ ဝိညာဏ်ဖြင့် သိရသော အတွေ့အထိတိုတည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့ပင်တည်း။ (မြန်မာပြန်၊၁၂၆။)

ရဟန်းတို့ ရုပ်တရားတို့၏ သာယာဖွယ်သည် အဘယ်နည်း။ ရဟန်းတို့ ဥပမာအားဖြင့်မမြင့်လွန်း မ နိမ့်လွန်း မပိန်လွန်း မဝလွန်း မညိုလွန်း မဖြူလွန်းသော တစ်ဆယ့်ငါးနှစ် တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ မင်းမျိုးသတိုသမီးဖြစ်စေ၊ ပုဏ္ဏားမျိုးသတိုသမီးဖြစ်စေ၊ သူကြွယ်မျိုးသတိုသမီးဖြစ်စေရှိရာ၏။ ရဟန်းတို့ ထို အချိန် ထိုအရွယ်၌ ထိုအဆင်းသည် အလွန်တင့်တယ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။ရဟန်းတို တင့်တယ်သော အဆင်းကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်ရုပ်တရားတို၏ သာယာဖွယ်တည်း။ (မြန်မာပြန်၊၁၂၉။)

ရဟန်းတို့ ရုပ်တရားတို၏ ထွက်မြောက်ရာသည် အဘယ်နည်း။ ရဟန်းတို ရုပ်တရားတို၌ လိုချင် တပ်မက်မှုကိုဖျောက်ခြင်း လိုချင်တပ်မက်မှုကိုပယ်ခြင်းသည် ရုပ်တရားတို့၏ ထွက်မြောက်ရာတည်း။ ( မြန်မာပြန်၊၁၃၁။)

---

၆။ အနုမာနသုတ်လာ အပြောအဆိုခက်ကြောင်းတရားတို့တွင် အစ ၅-ပါးတို့ကိုသာ ဖြေဆို၍ မဓုပိဏ္ဍိက-သုတ် လာ မြတ်စွာဘုရား အကျဉ်းဟောအပ်သော တရား၏အမည်ကို အမည်ရခြင်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၆-ဖြေ ငါ့သျှင်တို့ အပြောအဆိုခက်ကြောင်းတရားတိုဟူသည် အဘယ်တိုနည်း။ ငါ့သျှင်တို ဤသာသနာ တော်၌ ရဟန်းသည် အလိုဆိုးရှိ၏၊ အလိုဆိုးတို၏ အလိုသို့ လိုက်တတ်၏၊ ငါ့သျှင်တို ရဟန်း၏ ဤအလို ဆိုးရှိခြင်း အလိုဆိုးတို၏ အလိုသိုလိုက်ခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။ငါ့သျှ င်တို တစ်ဖန်ထိုပြင်လည်း ရဟန်းသည် မိမိကိုယ်ကို မြှင့်တင်တတ်၏၊ သူတစ်ပါးကို ရှုတ်ချတတ်၏၊ ငါ့သျှ င်တို ရဟန်း၏ ဤမိမိကိုယ်ကို မြှင့်တင်ခြင်း သူတစ်ပါးကို ရှုတ်ချခြင်း သဘောသည်လည်းအပြောအဆို ခက်ကြောင်းတည်း။ငါ့သျှင်တို တစ်ဖန်ထိုပြင်လည်း ရဟန်းသည် အမျက်ထွက်တတ်၏၊ အမျက်လွှမ်းမိုး ခံရ၏၊ ငါ့သျှင်တိုရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက်လွှမ်းမိုးခံရခြင်း သဘောသည်လည်း အပြောအဆို ခက်ကြောင်းတည်း။ငါ့သျှင်တို တစ်ဖန်ထိုပြင်လည်း ရဟန်းသည် အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် ရန်ငြိုးဖွဲ့တတ်၏၊ ငါ့သျှင်တို ရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက်ထွက်ခြင်းအကြောင်း ကြောင့်ရန်ငြိုးဖွဲ့ခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။ငါ့သျှင်တို တစ်ဖန်ထိုပြင်လည်း ရဟန်းသည် အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်းအကြောင်း ကြောင့်အစွဲကြီး၏၊ ငါ့သျှင်တို ရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက်ထွက်ခြင်းအကြောင်းကြောင့် အစွဲကြီးခြင်းသဘောသည်လည်း အပြောအဆို ခက်ကြောင်းတည်း။ (မြန်မာပြန်၊၁၄၃။)

အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကို ''အသျှင်ဘုရားဥပမာသော်ကား ဆာလောင်ခြင်း အားနည်း ခြင်းဖြင့် နှိပ်စက်ထားသော ယောကျာ်းသည် ပျားမုန့်ဆုပ်ကိုရငြားအံ့၊ ထိုသူသည် မည်သည့်ဘက်မှမဆို လျက်ပါမူ ထပ်၍သွန်း လောင်းဖွယ်မလို ချို (မြိန်) သောအရသာကို ရရာသကဲ့သို၊ အသျှင်ဘုရား ဤအတူ ပင်ကြံစည်တတ်သည့် ပညာတတ်သဘောရှိသောရဟန်းသည် ဤတရား ဒေသနာ၏ အနက်ကို ပညာဖြင့် မည်သည့်ဘက်မှ မဆို စူးစမ်းဆင်ခြင်ငြားအံ့၊ ဝမ်းမြောက်ခြင်း စိတ်ကြည်လင်ခြင်းကို ရရာမည်သာတည်း ။ အသျှင်ဘုရား ဤ တရားဒေသနာသည်အဘယ်အမည်ရှိပါသနည်း'' ဟု ဤစကားကို လျှောက်ထား၏ ။ အာနန္ဒာ ထိုကြောင့် သင်သည်ဤတရားဒေသနာကို ''မဓုပိဏ္ဍိကဒေသနာ'' ဟူ၍သာလျှင် မှတ်လေ့ဟု မြတ်စွာဘုရားသည် ဤတရားကိုဟောတော်မူ၏။ (မြန်မာပြန်၊၁၆၅။)

၇။ ဒွေဓာဝိတက္ကသုတ်လာ နှစ်မျိုးနှစ်မျိုးပြုအပ်သော ဝိတက်တို့ကို ခွဲခြား ဖြေဆို၍ တစ်စုံတစ်ယောက်က မိမိအား လက်ဖြင့် ပုတ်ခတ်ခြင်းစသည် ပြုလုပ်ရာ၌ ပယ်စွန့်ရမည့်တရားနှင့် ပယ်စွန့်ရာ၌ ပြုကျင့်ရမည့် ကျင့်စဉ်တို့ကို ဖြေဆိုပါ။

၇-ဖြေ ရဟန်းတို့ အရဟတ္တမဂ်ကို မရမီ (သစ္စာတရားကို) ထိုးထွင်း၍ မသိမြင်သေးသော ဘုရားလောင်း မျှသာ ဖြစ်နေသော ငါ့အား ''ငါသည်ကြံစည်ခြင်း 'ဝိတက်'တိုကို နှစ်မျိုး နှစ်မျိုးပြု၍ နေရမူ ကောင်းပေ မည်'' ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်ခဲ့၏။ ရဟန်းတို့ ငါသည် ကာမဝိတက် 'ကာမနှင့်စပ်သော ကြံစည်ခြင်း'၊ ဗျာပါဒဝိတက် 'သတ်ဖြတ်လိုမှုနှင့်စပ်သောကြံစည်ခြင်း'၊ ဝိဟိံသဝိတက် 'ညှဉ်းဆဲမှုနှင့်စပ် သောကြံစည်ခြင်း'တို့ကို တစ်မျိုးပြုခဲ့၏။ နေက္ခမ္မဝိတက် 'ကာမမှထွက်မြောက်မှုနှင့်စပ်သောကြံစည်ခြင်း '၊ အဗျာပါဒဝိတက် 'မသတ်ဖြတ်လိုမှုနှင့်စပ်သောကြံစည်ခြင်း'၊ အဝိဟိံသဝိတက် 'မညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်း'တိုကို ဒုတိယတစ်မျိုး ပြုခဲ့၏။ (မြန်မာပြန်၊၁၆၅။)

ဖဂ္ဂုန! ထို့ကြောင့် သင့်အား တစ်စုံတစ်ယောက်သောသူသည် လက်ဖြင့် ပုတ်ခတ်ငြားအံ့၊ ခဲဖြင့် သော်လည်း ပစ်ခတ်ငြားအံ့၊ တုတ်ဖြင့်သော်လည်း ရိုက်ပုတ်ငြားအံ့၊ ဓားလက်နက်ဖြင့်သော်လည်း ထိုးခုတ် ငြားအံ့၊ ထိုသို့ပြုရာ၌လည်း သင်သည် ဖြစ်ပေါ်လာမည့် ကာမဂုဏ်တို့ကိုမှီသော အလိုဆန္ဒ, ကာမဂုဏ်တို့ ကိုမှီသော အကြံအစည်တိုကို ပယ်စွန့်ရာ၏။ ထိုသို့ ပယ်စွန့်ရာ၌လည်း သင်သည် ဤသို့ ကျင့်ရမည် ''ငါ့ စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့၊ ယုတ်မာသော စကားကိုလည်း မမြွက်ဆိုအံ့၊ အစီးအပွားဖြင့်ငဲ့ညှာ လျက်လည်း မေတ္တာစိတ်ရှိသည် ဖြစ်၍ ပြစ်မှားသောစိတ်မရှိဘဲ နေအံ့'' ဟု ဤသို့လျှင် သင်သည်ကျင့်ရမည် ဟု ဟောကြားတော်မူ၏။ (မြန်မာပြန်၊၁၇၈-၉။)

---

၈။ အဘယ်အကျိုး အာနိသင်ကို ကောင်းစွာမြင်၍ ရဟန်းဂေါတမအပေါ်၌ အလွန်ကြည်ညိုပါသနည်း? ဟူသော အမေး၏ အဖြေကို မေးသူ, ဖြေသူတို့၏ နာမည်နှင့်တကွ ဖြေဆို၍ သာသနာတော်၌ နောက်ဆုံးပန်းတိုင် အနှစ်သာရကိုလည်း ဖြေဆိုပါ။

၈-ဖြေ မေးသူ= ဇာဏုသောဏိ ပုဏ္ဏား။

အသျှင် ဥပမာအားဖြင့် ဆင်တော၌ နေလေ့ရှိသော လိမ္မာသောသူသည် ဆင်တောသို ဝင်သည်ရှိ သော်ထိုဆင်တော၌ အလျားရှည်၍ အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကို မြင်ငြားအံ့၊ ထိုသူသည် ''အချင်း တိုဆင်သည် ကြီးမားစွတကား'' ဟု ဆုံးဖြတ်ခြင်းသို ရောက်သကဲ့သို့၊ ဤအတူပင် ငါသည် ရဟန်းဂေါတမ အပေါ်၌ လေးပါးသော (ဉာဏ်) ခြေရာတိုကို မြင်ရသောအခါမှစ၍ ''မြတ်စွာဘုရားသည် (အလုံးစုံသော တရားကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရားကောင်းစွာ ဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည်အကျင့်ကောင်းရှိ သော သံဃာ ပေတည်း'' ဟု ဆုံးဖြတ်ခြင်းသို ရောက်၏။

ဖြေသူ= ပိလောတိကပရိဗိုဇ် ဝစ္ဆာယန။ (မြန်မာပြန်၊၂၄၀။)

ပုဏ္ဏား အကြင်မပျက်စီးသော စိတ်လွတ်မြောက်မှု (အရဟတ္တဖိုလ်) သည်ရှိ၏၊ ဤသာသနာ တော်သည် ဤမပျက်စီးနိုင်သော စိတ်လွတ်မြောက်မှု (အရဟတ္တဖိုလ်) အတွက်သာ ဖြစ်၏၊ ဤမပျက်စီး နိုင်သော စိတ်လွတ်မြောက်မှု (အရဟတ္တဖိုလ်) သည် အနှစ်အသားပေတည်း၊ ဤမပျက်စီးနိုင်သော စိတ် လွတ်မြောက်မှု (အရဟတ္တဖိုလ်) သည် အဆုံး (ပန်းတိုင်) ပေတည်းဟု (မိန့်တော်မူ၏)။ (မြန်မာပြန်၊၂၇၃။)

---

၉။ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ပါသနည်း? ဟူသော အမေး၏ အဖြေကို မြတ်စွာဘုရားနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့၏ အလိုအားဖြင့် ဖြေဆိုပါ။

၉-ဖြေ ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းနှစ်ပါးတိုသည် အဘိဓမ္မာစကားကို ပြောဆိုကုန်၏။ ထိုရဟန်းနှစ်ပါးတိုသည် အချင်းချင်း ပြဿနာကိုလည်း မေးကြကုန်၏၊ အချင်းချင်း မေးအပ်သောပြဿနာကိုလည်း ဖြေကြကုန်၏၊ မေးရန် ဖြေရန် မစွမ်းနိုင်သည် မဟုတ်ကုန်၊ ထိုရဟန်းတိုအားတရားနှင့်စပ်သော စကားသည်လည်း မပြတ်ဖြစ်ခြင်း ရှိ၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သိုသော ရဟန်းဖြင့်ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏ဟု (လျှောက်၏)။ (မြန်မာပြန်၊၂၈၃။)

အဘယ်ကဲ့သိုသောရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်းဆိုသော်=

သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် ဆွမ်း ခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင်ကိုယ်ကို ဖြောင့်မတ်စွာထား၍ (ကမ္မဋ္ဌာန်းသို) ရှေးရှု (သတိကို) ဖြစ်စေလျက် ''အကြင်မျှလောက် ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတိုမှ မလွတ်မြောက်သေး၊ ထိုမျှလောက် ငါသည်ဤထက်ဝယ်ဖွဲ့ခွေ နေခြင်းကို မဖျက်တော့အံ့'' ဟု အဓိဋ္ဌာန်၍ ထိုင်နေ၏။ သာရိပုတြာ ဤကဲ့သိုသောရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင် ရာ၏ဟု မြတ်စွာဘုရားသည်ဤတရားကို ဟောကြားတော်မူ၏။ (မြန်မာပြန်၊၂၈၈။)

---

၁၀။ စူဠယမကဝဂ် သာလေယျကသုတ်လာ နတ်ပြည်ရောက်ကြောင်း အကျင့်ကောင်းကို သိသာရုံမျှ ဖြေဆို၍ ယင်းအကျင့်ကို ကျင့်သောပုဂ္ဂိုလ် ရနိုင်သောအကျိုးတို့တွင် နောက်ဆုံးအကျိုး ၂-ခုမျှ ဖြေဆိုပါ။

၁၀-ဖြေ သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည့်မှ နောက်၌ကောင်းသောသူတို့ လားရာ နတ်ပြည်သို့ ရောက်ကြရကုန်၏ဟု (မိန့်တော်မူ၏)။ (မြန်မာပြန်၊၃၆၆။)

ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည့်မှနောက်၌ နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်သော ပြဟ္မာမျိုး ပြဟ္မာနွယ်အဖြစ်သို့ ရောက်ရာသော အကြောင်းသည် ရှိ၏။

အာသဝေါတရားတို၏ ကုန်ခြင်းကြောင့်အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ် ' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ ပင်လျှင် ထူးသောဉာဏ်ဖြင့် သိ၍ ကိုယ်တိုင် မျက်မှောက်ပြုလျက်ရောက်၍ နေရာသော အကြောင်းသည် ရှိ၏။ (မြန်မာပြန်၊၃၆၆။)

---

## **အုပ်စု (၃) မဇ္ဈိမနိကာယ**
## **မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် အဖြေ**

၁။ **ကာယဒဏ်နှင့် မနောဒဏ်တွင် အဘယ်ဒဏ်က ပို၍ အပြစ်ကြီးပါသနည်း? နာဠန္ဒာမြို့ ဖျက်ဆီးပုံ ဥပမာပြ ဖြေဆိုပြီး တောအတိဖြစ်သွားသော တိုင်းပြည်ကြီးများကို ဖြစ်ကြောင်းနှင့်တကွ ရေးပါ။**

ဖြေ။ ယောကျ်ားတစ်ယောက် (၁၀) ယောက် (၂၀) ယောက် (၃၀) (၄၀) (၅၀) တို့သည် နာလန္ဒာ မြို့၌ နေသော သတ္တဝါတို့ကို တစ်ခဏချင်းဖြင့် တမုဟုတ်ချင်းဖြင့် တစ်ခုသော အသားပုံ ဖြစ်အောင် ပြုခြင်း ငှါ မစွမ်းနိုင်။ (၃မှတ်)

တန်ခိုးရှိသော စိတ်တန်ခိုးရှိသည်၏ အဖြစ်သို့ရောက်သော သမဏဗြာဟ္မဏသည် ဤနာလန္ဒာ မြို့ကို တစ်ကြိမ်စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုစွမ်းနိုင်သောကြောင့် မနောဒဏ်က ပို၍ အပြစ်ကြီး ပါသည်။ (မ၊၄၁၊ ပြန်၊ ၃၈၊၃၉) (၃-မှတ်)

ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းတို့ တောအတိဖြစ် သွားပါသည်၊ ။ (၄မှတ်)

---

၂။ **ဖြဟ္မစိုရ်တရား, အသုဘသညာ, အနိစ္စသညာတို့ကို ပွားများခြင်း၏ အကျိုးတို့ကို ပွားများရာတရားတို့နှင့် အသီးသီး တွဲစပ်ဖော်ပြ၍ “ရေဝဲဘေး” ဆိုသည်ကို ရှင်းပြဖြေဆိုပါ။**

ဖြေ။ မေတ္တာဘာဝနာ- ဗျာပါဒကင်းပျောက်ခြင်း။ ကရုဏာဘာဝနာ= ညှဉ်းဆဲမှုကင်းပျောက်ခြင်း
မုဒိတာဘာဝနာ= မပျော်ပိုက်မှုကင်းပျောက်ခြင်း၊ ဥပေက္ခာဘာဝနာ = ထိပါးမှုကင်းပျောက်ခြင်း
အသုဘဘာဝနာ=- တပ်မက်မှုရာဂ ကင်းပျောက်ခြင်း
အနိစ္စသညာဘာဝနာ- ငါဟူသောမာန်မာနကင်းပျောက်ခြင်း ။ (၅မှတ်)

ရဟန်းတို့ ရေဝဲဘေးဟူသည် အဘယ်နည်း- ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသား သည် “ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်းသေခြင်း ပူဆွေးခြင်းငိုကြွေးခြင်း ကိုယ်ဆင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန် ခြင်းတို့၌ နစ်မြုပ်နေရ၏၊ ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏၊ ဒုက္ခနှိပ်စက်ခံနေရ၏၊ ဤဆင်းရဲတုံးသက်သက်ကို ဆုံးအောင် ပြုနိုင်တန်ရာ၏’ဟု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်၏၊ ထိုသူသည် ရဟန်းပြုပြီးသော် နံနက်အခါ သင်္ကန်းကို ပြင်ဆင်ဝတ်, သပိတ်သင်္ကန်းကိုယူ၍ ကိုယ်ကိုလည်းကောင်း နှုတ်ကိုလည်းကောင်း မစောင့် စည်းဘဲ သတိမထားဘဲ ဣန္ဒြေတို့ကို မစောင့်စည်းဘဲ ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှာ ဝင်၏၊ ထိုရဟန်း သည် ရွာနိဂုံး၌ ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံကုံလုံလျက် ခံစားနေသော သူကြွယ်ကိုသော်လည်းကောင်း သူကြွယ်၏ သားကိုသော်လည်းကောင်း မြင်၏။ ထိုရဟန်းအား “ငါတို့သည် ရှေးလူဖြစ်စဉ်အခါက ငါးပါးသော ကာမဂုဏ်တို့နှင့်ပြည့်စုံကုံလုံလျက် ခံစားခဲ့ဘူး၏ ငါ၏အိမ်၌ စည်းစိမ်ချမ်းသာတို့သည် ရှိကုန်သည်သာတည်း စည်းစိမ်ချမ်းသာကို ခံစားခြင်းငှာလည်းကောင်း ကောင်းမှုကုသိုလ်တို့ကို ပြုခြင်းငှာလည်းကောင်း တတ်ကောင်းသည် သာတည်း” ဤသို့အကြံဖြစ်၏၊ ထိုရဟန်းသည် သိက္ခာကိုစွန့်လျက် လူထွက်သွား၏၊ ရဟန်းတို့ ထိုရဟန်းကို ဝဲဘေးမှ ကြောက်သဖြင့် ရဟန်းသိက္ခာကို စွန့်လွှတ်လျက် လူထွက်သောပုဂ္ဂိုလ်ဟူ၍ ဆိုရ၏၊ ဝဲဘေးဟူသောအမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။ (၅မှတ်)

၃။ သဒ္ဓါတရားရှိသူ ကျင့်စဉ်အရ မင်္ဂဖိုလ်ရပုံနှင့် သဒ္ဓါတရားမရှိသူ အဆင့်ဆင့် သာသနာတော်မှ ဝေးကွာရပုံကို ကီဋာဂိရိသုတ်အရ ဖြေဆို၍ "သေပြီးနောက် နတ်ပြည်ရောက်သည့် အာဇီဝက ရှိသလော" ဟူသော ဝစ္ဆ ပရိဗိုဇ်၏ မေးခွန်းနှင့်စပ်ပြီး တေဝိဇ္ဇသုတ်၌ မြတ်ဗုဒ္ဓ ဖြေကြားခဲ့ပုံကို ပြည့်စုံအောင် ဖြေဆိုပါ။

၃။ ရဟန်းတို့ ဤသာသနာတော်၌ သဒ္ဓါတရားဖြစ်သောသူသည် အနီးသို့ချဉ်းကပ်၏၊ ချဉ်းကပ်သော သူသည် အရိုအသေ ဆည်းကပ်၏၊ အရိုအသေ ဆည်းကပ်သူသည် နားထောင်၏၊ နားထောင်သူသည် တရားနာ၏၊ တရားနာ၍ တရားကိုဆောင်၏၊ ဆောင်အပ်သောတရားတို့၏ အနက်ကို ဆင်ခြင်၏၊ အနက်ကိုဆင်ခြင်သော သူသည် တရားတို့ကို ရှုနိုင်၏၊ တားကိုရှုနိုင်သည်ရှိသော် အလိုဆန္ဒဖြစ်ပေါ်လာ၏၊ အလိုဆန္ဒဖြစ်ပေါ်သောသူသည် အားထုတ်၏၊ နှိုင်းချိန်၏၊ နှိုင်းချိန်၍ လွန်စွာအားထုတ်၏၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ နာမကာယဖြင့်လည်း မြတ်သောသစ္စာကို မျက်မှောက်ပြု၏ မဂ်ပညာဖြင့်လည်း ထိုမြတ်သော သစ္စာကို ထိုးထွင်း၍ မြင်၏။ (၃မှတ်)

ရဟန်းတို့ ထိုသဒ္ဓါတရားမျှလည်း မဖြစ်၊ အနီးသို့ချဉ်းကပ်ခြင်းမျှလည်း မဖြစ်၊ ထိုအရိုအသေ ဆည်းကပ်ခြင်း မျှလည်း မဖြစ်၊ ထိုနားထောင်ခြင်းမျှလည်း မဖြစ်၊ ထိုတရားနာခြင်းမျှလည်း မဖြစ်၊ ထိုတရားကိုဆောင်ခြင်းမျှလည်း မဖြစ်၊ ထိုဆောင်အပ်သောတရားတို့၏ အနက်ကို ဆင်ခြင်ခြင်းမျှလည်း မဖြစ်၊ ထိုတရားတို့ကို ရှုနိုင်ခြင်းမျှလည်း မဖြစ်၊ ထိုအလိုဆန္ဒမျှလည်း မဖြစ်၊ ထိုအားထုတ်ခြင်းမျှလည်း မဖြစ်၊ ထိုနှိုင်းချိန်ခြင်းမျှလည်း မဖြစ်၊ ထိုလွန်စွာအားထုတ်ခြင်းမျှလည်း မဖြစ်၊ရဟန်းတို့ ဖောက်ပြန်သော အကျင့်ရှိကုန်၏၊ မှားသောအကျင့်ရှိကုန်၏၊ ရဟန်းတို့ အချီးနှီးသောယောက်ျားတို့သည် ဤသာသနာမှ ဘယ်မျှဝေးကွာရမည်နည်း။ (၃မှတ်)

ဝစ္ဆ ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ တစ်ယောက်သော အာဇီဝက တက္ကဒွန်းကိုကြဉ်၍ တစ်စုံတစ်ယောက်သော အာဇီဝကတက္ကဒွန်းကိုမျှ နတ်ပြည်သို့ ရောက်သောသူကို ငါမမြင်အပ်၊ ထိုတစ်ယောက်သော အာဇီဝကသည်လည်း ကမ္မဝါဒီ ကိရိယဝါဒီဖြစ်သော ငါသာလျှင် တည်းဟု မိန့်၏။ (၄မှတ်)

---

၄။ သူတော်ကောင်းကို ဆည်းကပ်ခြင်းကြောင့် အကျိုးအဆက်ဆက်များ ရရှိနိုင်ပုံကို မာဂဏ္ဍီအား မိန့်ကြားခဲ့ သည့်အတိုင်း ဖော်ပြ၍ မဟာသကုလုဒါယီသုတ်လာ မြတ်ဗုဒ္ဓအား သာဝကတို့ ရိုသေလေးစားခြင်း၏ ပဥ္စမ အကြောင်းတရားကို ဘုရားအလိုတော်အရ ဖြေဆိုပါ။

၄။ တေန ဟိတွံ မာဂဏ္ဍိယ သပ္ပုရိသေ ဘဇေယျာသိ။ ယတော ခေါ တွံ မာဂဏ္ဍိယ သပ္ပုရိသေ ဘဇိဿတိ တတော တွံ မာဂဏ္ဍိယ သဒ္ဓမ္မံ သောဿသိ၊

ယတော ခေါ တွံ မာဂဏ္ဍိယ သဒ္ဓမ္မံ သောဿသိ၊ တတော တွံ မာဂဏ္ဍိယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇိဿသိ၊

ယတော ခေါ တွံ မာဂဏ္ဍိယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇိဿသိ၊ တတော တွံ မာဂဏ္ဍိယ သာမံယေဝ ဉဿသိ၊ သာမံ ဒက္ခိဿသိ-

ဣမေ ရောဂါ ဂဏ္ဍာ သလ္လာ အပရိသေသာ နိရုဇ္ဈန္တိ၊ တဿမေ ဉပါဒါနနိရောဓာ ဘဝနိရောဓော ဘဝနိရောဓာ ဇာတိနိရောဓော ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝသောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ဒုက္ခန္ဓဿ နိရောဓော ဟောတီတိ။ (၇-မှတ်)

မြတ်ဗုဒ္ဓအား သာဝကတို့ ရိုသေလေးစားခြင်း၏ ပဥ္စမအကြောင်းတရား

သီလရှင်ခြင်း, လွန်ကဲသော သီလအစုနှင့် ပြည့်စုံခြင်း (၃-မှတ်)

၅။ **တစ်ခုထက်တစ်ခု သာလွန်မွန်မြတ်သော အဆင်းအရောင်ရှိပစ္စည်းတို့ကို ဝေခနသသုတ်မှထုတ်နုတ်ရေးသား၍ အသိဉာဏ်မဲ့သူများ၏ တွေဝေရာဖြစ်၍ နိဗ္ဗာန်တစ်ဖက်ကမ်းကို ရှာမှီးသူတို့၏ မတွေဝေရာဌာနတို့ကို ရဋ္ဌပါလသုတ်ဂါထာတို့အရ ဖြေဆိုပါ။**

ဖြေ။ တင့်တယ်သော ဇာတိကောင်းသော ရှစ်မြောင့်ရှိသော ကောင်းစွာဆေးကြောအပ်သော ပဏ္ဍုကမ္ဗလာပေါ် တင်ထားအပ်သော ပတ္တမြားသည် တောက်ပသော အရောင်ရှိ၏၊ ယင်းထက် ညအမှောင်တွင်း၌လင်းသော ပိုးစုန်းကြူးရောင်က ပိုလင်း၏၊ ယင်းထက် ဆီးမီးအရောင်က ပိုလင်း၏၊ ယင်းထက် မီးပုံကြီး၏အရောင်က ပိုလင်း၏၊ ယင်းထက် မိုးသောက်ယာမ်စ ထွက်ပေါ်လာသော သောက်ရှူးကြယ်က ပိုလင်း၏၊ ယင်းထက် တိမ်ကင်းသည့် လပြည့်နေ့ သန်းခေါင်ယာမ်မှ လပြည့်ဝန်းအရောင်က ပိုလင်း၏။ ယင်းထက် တန်ဆောင်မုန်းလ မွန်းတည့်ချိန် ပေါ်သော နေရောင်က ပို၍လင်း၏။ (၅မှတ်)

ချိပ်ရည်ဆိုးထားသော ခြေထောက်များ၊
နံ့သာမှုန့်လိမ်းကျံ ခြယ်သထားသော မျက်နှာများ၊
ရှစ်မျိုးသောအစုအဖွဲ့တို့ဖြင့် ဆင်ယင်ထုံးဖွဲ့အပ်သောဆံပင်။
မျက်ကွင်းဆေးလိမ်းကျံခြယ်သထားသော မျက်စိ၊
မျက်စဉ်းကျည်အဆင်းရှိသော ဆန်းကြယ်သောတန်ဆာဆင်ထားသော အပုပ်ကောင်တို့သည် ဗာလအားတွေဝေရန်ဖြစ်၍ နိဗ္ဗာန်ဖက်ကမ်းရှာမှီးသူအတွက် တွေဝေရာမဖြစ်နိုင်။ (၅မှတ်)

---

၆။ **ချွန်းကိုင်ပညာ ကျွမ်းကျင်သော ဇောဓိမင်းသား၏ အထံမှ ပညာသင်သော်လည်း ပညာမတတ်နိုင်သော ယောက်ျား၏ အင်္ဂါ ၅-ပါးကို ဘုရားဟောထားသည့်အတိုင်း ဖြေဆို၍ ရန်သူ့အပေါ်ထားသော အင်္ဂုလိမာလထေရ်၏ စိတ်ထားများကို သူ၏ ဥဒါန်းစကားတို့မှ ထုတ်နုတ်ဖြေဆိုပါ။**

၆။ ယုံကြည်မှုမရှိခြင်း၊ အနာရောဂါများခြင်း၊ ကောက်ကျစ်စဉ်းလဲ၍ မာယာများခြင်း၊ ပျင်းရိခြင်း၊ ပညာမရှိခြင်းဟူသော အင်္ဂါငါးပါးရှိပါက ပညာမတတ်နိုင်။(၅မှတ်)

ငါ၏ရန်သူတို့သည် ငါ၏တရားစကားကိုနာကြပါစေကုန်၊ ငါ၏ ရန်သူတို့သည် ဘုရားသာသနာတော်၌ ကိုယ်နှုတ်နှလုံး စောင့်သုံးအားထုတ်ကြပါစေကုန်၊ သူတော်ကောင်းဖြစ်ကုန်သော အကြင်သူတို့သည် တရားကိုသာ ဆောက်တည်ကုန်၊ ထိုသူတော်ကောင်းတို့ကို ငါ၏ ရန်သူတို့သည် မှီဝဲကြပါစေကုန်၊ ငါ၏ရန်သူတို့သည် သည်းခံခြင်းကိုဟောပြောတတ်ကုန်သော မေတ္တာတရားကို ချီးမွမ်းကြကုန်သောသူတို့၏ ခန္တီမေတ္တာကို မကြာခဏနာကြပါစေကုန်၊ ထိုတရားကို လိုက်နာကြပါစေကုန်၊ ငါ၏ရန်သူသည် ငါ့ကို စင်စစ် မညှဉ်းဆဲရာ။ ငါမှတစ်ပါး အခြားသူကိုလည်း မညှဉ်းဆဲစေကုန်သတည်း။ မွန်မြတ်သော နိဗ္ဗာန်သို့ ရောက်၍ အမြဲတပ်မက်သော တဏှာကို စောင့်ရှောက်နိုင်ကြပါစေ။ (၅မှတ်)

---

၇။ ဣလသိဒတ္တပုရာဏတို့နှင့် စပ်၍ ကောသလမင်းကြီး၏ ဘုရားအပေါ်၌ တရားအားလျော်စွာ သိသောဉာဏ် ဖြစ်ပေါ်လာပုံကို ဖြေဆို၍ "အင်္ဂါရှစ်ပါးရှိသော အာဟာရကို မြတ်စွာဘုရား ဘုန်းပေးသည်"ဟု ဆိုရာ ထို အင်္ဂါရှစ်ပါးကို မြန်မာလို ရေတွက်ပြပါ

ဖြေ။ အရှင်ဘုရား တပည့်တော်ကိုဆည်းကပ် တပည့်တော်၏ယာဉ်ရှိပြီး တပည့်တော်ဟူသော အသက်မွေးမှုရှိသော ဣသိဒတ္တပုရာဏဟူသော လက်သမားတို့သည် ဘုရားကို အရိုအသေပြုကြသလောက် တပည့်တော်ကို အရိုအသေမပေးကြပါ။ ရှေး၌ဖြစ်ဘူးသည်ကား-ဣသိဒတ္တပုရာဏ လက်သမားတို့ကို စမ်းသပ်လို၍ ကျဉ်းမြောင်းသောတည်းခိုဆောင်သို့ ကပ်ရောက်ခဲ့ပါပြီ၊ ထိုညက ဣသိဒတ္တပုရာဏတို့သည် များစွာသော ညဥ့်ပတ်လုံး တရားစကားဖြင့်သာ အချိန်ကုန်စေ၍ အကြင်အရပ်၌ ဘုရားရှိ၏ ထိုဘုရားဘက် ဦးခေါင်းထားပြီး တပည့်တော်ဘက် ခြေထားကာ အိပ်ကြပါကုန်၏၊ ထိုတပည့်တော်မှာ ဤသို့အကြံဖြစ်ပြီ "အံ့ဩထိုက်ပါပေစွ ချီးကျူးထိုက်ပါပေစွ ဤလက်သမားတို့သည် ငါဟူသောအစာ ငါဟူသောယာဉ်ရှိ ငါ့ကိုအမှီပြုအသက်မွေးမှု ပြုကြကုန်လျက် ဘုရားကို ရိုသေသလောက် ငါ့ကို အရိုသေမှုမပြုကြကုန်၊ မချွတ်ဧကန် ဤသူတို့သည် ဘုရားသာသနာတော်၌ မွန်မြတ်သော တရားထူးကို သိကြကုန်၏"လို့ တရားအားလျော်သော အသိဖြစ်ခဲ့ပါပြီ။ (၅မှတ်)
နေဝ ဒဝါယ, န မဒါယ, န မဏ္ဍနာယ, န ဝိဘူသနာယ, ဣမဿ ကာယဿ ဌိတိယာ, ယာပနာယ, ဝိဟိံသူပရတိယာ, ဗြဟ္မစရိယာနုဂ္ဂဟာယ။ (၅မှတ်)

---

၈။ ဗြဟ္မာယုပုဏ္ဏားကြီး သံသယဖြစ်သော မြတ်ဗုဒ္ဓ၏ လက္ခဏာတော် ၂-ပါးနှင့် ယင်း၂-ပါးကို မြတ်ဗုဒ္ဓ ပြတော်မူပုံတို့ကို ဖြေဆို၍ သေလပုဏ္ဏားအား ဟောကြားထားသည့် မုခ ၇-ပါးကို ဖြေဆိုပါ။

ဖြေ။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်တော်နှင့် ရှည်ပြန့်သော လျှာတော် ၂ခုကို မမြင်ရပါ။ (၂မှတ်)
ယင်း၂ပါးကို-ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးအပ်သော ပုရိသနိမိတ်ကို ဗြဟ္မာယုပုဏ္ဏားမြင်နိုင်ရန် တန်ခိုးဖြင့် ဖန်ဆင်းတော်မူ၏၊ မြတ်စွာဘုရားသည် လျှာကိုထုတ်၍ နားတွင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ နှာခေါင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်တို့ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။(၃မှတ်)
မုခ ၇-ပါးမှာ-ယဇ်ပူဇော်ခြင်းတို့တွင် မီးကိုလုပ်ကျွေးခြင်းသည် အဦးအစဖြစ်၏၊ သာဝိတ္တိဂါထာသည် ဆန်းကျမ်း၏ အဦးအစ ဖြစ်၏၊ လူတို့တွင် မင်းသည် ပဓာနဖြစ်၏၊ သမုဒ္ဒရာသည် မြစ်တို့တွင် ပဓာနဖြစ်၏၊ နက္ခတ်တို့တွင် လသည် ပဓာနဖြစ်၏၊ အပူ(တောက်ပမှု)တို့တွင် နေသည် ပဓာနဖြစ်၏၊ ကောင်းမှုကို အလိုရှိကြ၍ ပေးလှူပူဇော်သူ တို့တွင် သံဃာသည် ပဓာနဖြစ်၏။(၅မှတ်)

---

၉။ ဗေဒင်ကို အာဂုံဆောင်နိုင်သော သီလမဲ့သူနှင့် ဗေဒင်ကို အာဂုံမဆောင်နိုင်သော်လည်း သီလရှိသူ အမြွာနှစ်ယောက်ကို ကျွေးမွေးမှုနှင့် စပ်၍ မြတ်ဗုဒ္ဓနှင့် ပုဏ္ဏားတို့ အပြန်အလှန်ပြောဆိုခဲ့ပုံတို့ကို ဖြေဆိုကာ မျက်မှောက်ဘဝ၌ပင် (အမှန်/အမှား) အကျိုး၂-ခုဖြစ်နိုင်သော တရား ၅-ပါးကို ဖော်ပြပါ။

ဖြေ။ ဤလောက၌ တစ်မိခင်ထဲမှ ပေါက်သော အမွှာညီအကိုနှစ်ယောက်ရှိရာ၏၊ တစ်ယောက်သည် ဝေဒကျမ်းကို သရဇ္ဈာယ်၏၊ ဝေဒကျမ်းကို ဆောင်ထား၏၊ သီလမရှိ ယုတ်မာသောအကျင့်ရှိ၏၊ တစ်ယောက်သူကား ဝေဒကျမ်းကို မသရဇ္ဈာယ် ဝေဒကျမ်းကိုမဆောင် သီလရှိ၏ ကောင်းသောကိုယ်ကျင့်ရှိ၏၊ ထိုသူတို့တွင် အဘယ်သူအား ပုဏ္ဏားတို့သည် သေသူအကျိုးငှာ ကျွေးမွေးသော(ကုဗ္ဗီး)ထမင်း မင်္ဂလာထမင်း ယဇ်ပူဇော်အပ်သောထမင်း ဧည့်သည့်အလိုငှာ ပြုစီရင်အပ်သောထမင်းတို့ကို ရှေးဦးစွာ ကျွေးကုန်ရာသနည်းဟု မေး၏၊ အရှင်ဘုရား ဝေဒကျမ်း ကို မသရဇ္ဈာယ် ဝေဒကျမ်းကိုမဆောင် သီလရှိ၏ ကောင်းသောကိုယ်ကျင့်ရှိသောလုလင်ကို ပုဏ္ဏားတို့သည် သေသူအကျိုးငှာ ကျွေးမွေးသော(ကုဗ္ဗီး)ထမင်း မင်္ဂလာထမင်း ယဇ်ပူဇော်အပ်သောထမင်း ဧည့်သည့်အလိုငှာ ပြုစီရင်အပ်သောထမင်းတို့ကို ရှေးဦးစွာ ကျွေးကုန်ရာပါ၏။ မှန်၏ အရှင်ဘုရား သီလမရှိ ယုတ်မာသော အကျင့်ရှိသောသူအား ပေးလှူခြင်းသည် အဘယ်မှာ အကျိုးများပါအံ့နည်း။(၅မှတ်)

သဒ္ဓါ=ယုံကြည်မှု၊ ရုစိ-နှစ်သက်ခြင်း၊ အနုဿဝေါ-တဆင့်ကြားခြင်း၊
အာကာရပရိဝိတက္ကော-အခြင်းအရာကို အပြန်ပြန်ကြံဆခြင်း၊
ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ-စဉ်းစားတွေးကြံ လက်ခံနှစ်သိမ့်သောအယူတည်း။(၅မှတ်)

---

၁၀။ ဒက္ခိဏာဂိရိသို့ ခရီးထွက်လာသော ရဟန်းတစ်ပါးကို အရှင်သာရိပုတ္တရာက ဓနဉ္စာနီပုဏ္ဏားနှင့်စပ်ပြီး မေးမြန်းပြောဆိုပုံတို့ကို ဖြေဆို၍ သင်္ဂါရဝသုတ်လာ ရေနှင့်ဝေးစွာ ကုန်းပေါ်တင်ထားသည့် ထင်းစိုကို မီးမွှေးသူ ဥပမာဖြင့် ပြသော ဥပမေယျစကားကိုသာ ဖြေပါ။

ဖြေ။ "ငါ့ရှင် တဏ္ဍုလပါလီတံခါးအနီး၌နေသော ဓနဉ္စာနီပုဏ္ဏားသည် အသို့နည်း အနာရောဂါကင်းပါ၏လော၊ အားရှိပါ၏လောဟုမေး၏၊ ငါ့ရှင် ဓနဉ္စာနီပုဏ္ဏားသည် အနာကင်းပါ၏ အားရှိပါ၏ဟုလျှောက်၏၊ ငါ့ရှင် အသို့နည်း ဓနဉ္စာနီပုဏ္ဏားသည် မမေ့မလျော့ရှိပါ၏လောဟု မေး၏၊ ငါ့ရှင် ဓနဉ္စာနီပုဏ္ဏားသည် မမေ့လျော့ခြင်းသည် အဘယ်မှာရှိပါအံ့နည်း၊ ငါ့ရှင် ဓနဉ္စာနီပုဏ္ဏားသည် မင်းကိုအမှီပြု၍ ပုဏ္ဏား သူကြွယ်တို့ကို လုယက်၏၊ ပုဏ္ဏားသူကြွယ်တို့ကို အမှီပြု၍ မင်းကို လုယက်၏၊ ထိုဓနဉ္စာနီပုဏ္ဏား၏ သဒ္ဓါတရားရှိသော အမျိုးမှ ဆောင်ယူထားသော သဒ္ဓါတရားရှိသောမယားသည်လည်း သေခဲ့ပြီ၊ ထိုဓနဉ္စာနီပုဏ္ဏားသည် တစ်ပါးသော သဒ္ဓါတရားမရှိသော အမျိုးမှ သဒ္ဓါတရားမရှိသောမယားကို ဆောင်ယူအပ်ပြီ။ ငါ့ရှင် ငါတို့သည် မကောင်းသဖြင့် ကြားရသည်ကို ကြားအပ်လေစွ ငါ့ရှင် ငါတို့သည် မကောင်းသဖြင့် ကြားရသည်ကို ကြားအပ်လေစွ ငါတို့သည် မေ့လျော့နေသော ဓနဉ္စာနီပုဏ္ဏားကို ကြားကြကုန်၏၊ အကယ်၍ ငါတို့သည် ဓနဉ္စာနီပုဏ္ဏားနှင့် တစ်ခါတစ်ရံ တွေ့ဆုံကြရမူ တစ်စုံတစ်ခုသောစကားကို ပြောဆိုရမူ ဖြစ်တန်ကောင်းရာ၏။ ဟု အရှင်သာရိပုတ္တရာက ဓနဉ္စာနီပုဏ္ဏားနှင့်စပ်ပြီး ပြောဆိုခဲ့သည်။(၅မှတ်)

ဘာရဒွါဇ ဤအတူပင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း စိတ်ဖြင့်လည်းကောင်း လိုချင်မှုတို့မှ ကင်းဆိတ်နေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ်ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှုမွတ်သိပ်ခြင်း လိုချင်မှုပူဆာခြင်းကို ကောင်းစွာ မပယ်ရသေးပေ၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ ထိုအရှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့်ဖြစ်ကုန်သော ကြီးမာ ကြမ်းတမ်း ခက်ထန် စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှာ အမြင်အကျိုးငှာ အတုမဲ့ထိုးထွင်းသိခြင်းငှာ မထိုက်တန်ကုန်။(၅မှတ်)

# အပိုင်း (၃) မဇ္ဈိမနိကာယ
# ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၂) တနင်္ဂနွေနေ့

---

၁။ ညီညွတ်ခြင်းကို ဖြစ်စေနိုင်သော တရားတို့တွင် (၄)ခုမြောက်တရား, ထိုတရားကို ကျင့်သုံးသင့်ခြင်း အကြောင်း, ထိုသို့ ကျင့်သုံးခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားတို့ကို ဖြေဆိုပါ။

၁-ဖြေ **ညီညွတ်ခြင်းကို ဖြစ်စေနိုင်သော (၄)ခုမြောက်တရား**

ရဟန်းသည် တရားနှင့်လျော်စွာဖြစ်ကုန်သော တရားသဖြင့်ရအပ်ကုန်သော လာဘ်တို့ကို အယုတ်အားဖြင့်သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း မခွဲမခြားဘဲ သုံးဆောင်ခြင်းရှိ၏။ အကျင့် သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံသော သုံးဆောင်ခြင်းရှိ၏။(မ-၃၊ ပါ။ ၃၈) ( ၅ )မှတ်

**ထိုတရားကို ကျင့်သုံးသင့်ခြင်းအကြောင်း**

ဤတရားကို အကယ်၍ ဆောက်တည်၍ ကျင့်ကုန်ငြားအံ့၊ သင်တို့သည် သည်းမခံနိုင်လောက် သော ကြီးကြီးငယ်ငယ်ဖြစ်သော စကားအကြောင်းမျိုးကို မတွေ့မြင်ကုန်ရသောကြောင့်။( ၃ ) မှတ်(မ-၃၊ ပါ။ ၃၉)

**အကျိုးတရား**

ရှည်မြင့်စွာသောကာလပတ်လုံး စီးပွားအလို့ငှါ ဖြစ်ခြင်း

ချမ်းသာခြင်းငှါ ဖြစ်ခြင်း အကျိုးရှိ၏။ (မ-၃၊ ပါ။ ၃၉) ( ၂ ) မှတ်

---

၂။ ''ဤသို့ (ဘုရားရှင် လွန်တော်မူပြီးဖြစ်၍) ကိုးကွယ်ရာမရှိသော သာသနာတော်၌ ညီညွတ်ခြင်း၏ အကြောင်း ကား အဘယ်ပါနည်း''ဟူသော ဝဿကာရပုဏ္ဏား၏အမေးကို အရှင်အာနန္ဒာ မည်သို့ ဖြေဆိုသည်ကို ရေး၍၊ မသူတော်တို့၏ လှူပုံလှူနည်းတို့ကိုလည်း ဖော်ပြပါ။

၂-ဖြေ **အရှင်အာနန္ဒာ မည်သို့ ဖြေဆိုပုံ-**

ပုဏ္ဏား ငါတို့သည် ကိုးကွယ်ရာမရှိသည် မဟုတ်ကုန်၊ ပုဏ္ဏား ငါတို့သည် ကိုးကွယ်ရာ ရှိကုန်၏။ တရားလျှင် ကိုးကွယ်ရာရှိကုန်၏ဟု ဖြေ၏။ (မ-၃၊ ပါ။ ၆၀) ( ၅ ) မှတ်

**မသူတော်တို့၏ လှူပုံ လှူနည်း-**

ဤလောက၌ မသူတော်သည် မရိုမသေ လှူခြင်း

ကိုယ်တိုင် မပေးလှူခြင်း

စိတ်ပါလက်ပါ မပေးလှူခြင်း

စွန့်ပစ်သကဲ့သို့ မပေးလှူခြင်း

အကျိုးရှိလိမ့်မည် အယူမရှိဘဲ ပေးလှူခြင်းတို့ ဖြစ်၏။ (မ-၃၊ ပါ။ ၇၂) ( ၅ ) မှတ်

---

၃။ မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသော အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်များကို ဖော်ပြ၍ အကြောင်း အကျိုး အကောင်းအဆိုးကို သုံးသပ်ဆုံးဖြတ်နိုင်သော ပညာရှိဖြစ်အောင် ကျင့်သုံးထိုက်ခြင်းအကြောင်းကို ဗဟုဓာတုကသုတ်အရ တင်ပြပါ။

၃-ဖြေ **အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်များ**

အရှင်သာရိပုတ္တရာသည် အကြောင်းဟုတ်/မဟုတ်ကို သိသော ပညာရှိခြင်း

မြတ်သော ပညာရှိခြင်း

မြေကြီးကဲ့သို့ ကြီးသော ပညာရှိခြင်း

ရွှင်သော ပညာရှိခြင်း

လျင်မြန်သော ပညာရှိခြင်း

ထက်မြက်သော ပညာရှိခြင်း

ကိလေသာကို ဖောက်ခွဲနိုင်သော ပညာရှိခြင်းတို့ ဖြစ်၏။ (မ-၃၊ ပါ။ ၇၅)( ၅ ) မှတ်

**ပညာရှိအောင် ကျင့်သုံးထိုက်ခြင်းအကြောင်း-**

ဘေးရန်မှန်သမျှတို့သည် လူမိုက်ကြောင့်ဖြစ်၏၊ ပညာရှိကြောင့် မဖြစ်။

ဘေးဥပါဒ်မှန်သမျှတို့သည် လူမိုက်ကြောင့်ဖြစ်၏၊ ပညာရှိကြောင့် မဖြစ်။

ပူဆွေးမှုမှန်သမျှတို့သည် လူမိုက်ကြောင့်ဖြစ်၏၊ ပညာရှိကြောင့် မဖြစ်။

ပညာရှိကြောင့် ဘေးရန်မှန်သမျှ ဘေးဥပါဒ်မှန်သမျှ ပူဆွေးမှုမှန်သမျှ မရှိသောကြောင့် ဖြစ်၏။

(မ-၃၊ ပါ။ ၁၀၇) ( ၅ ) မှတ်

---

၄။ သောတာပန်ပုဂ္ဂိုလ် မပြုလုပ်နိုင်သောအရာတို့တွင် နောက်ဆုံး (၂) ခုနှင့် လောက၌ တပြိုင်နက် မဖြစ်နိုင်သော အရာများကို ဖြေဆို၍ ယူဇနာအရာအထောင်များစွာသို့ စားနပ်ရိက္ခာထုပ်ဖြင့် သွားရောက်ဖူးမြင်ထိုက်သော ပရိသတ်မျိုးကိုလည်း ရေးပါ။

၄-ဖြေ **သောတာပန်ပုဂ္ဂိုလ် မပြုလုပ်သောအရာတို့တွင် နောက်ဆုံး(၂)ခု**

၁။ သောတာပန်ပုဂ္ဂိုလ်သည် သံဃာသင်းကွဲအောင် မပြုလုပ်ခြင်း။

၂။ မြတ်စွာဘုရားမှ တပါးသောသူကို ဆရာဟု ညွှန်ပြမှု မပြုလုပ်ခြင်းဖြစ်၏။

( ၄ ) မှတ်(မ-၃၊ ပါ။ ၁၁၀)

**တပြိုင်နက် မဖြစ်နိုင်သော အရာများ**

၁။ တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ၂-ဆူသောမြတ်စွာဘုရား

၂။ စကြာဝတေးမင်း ၂-ပါးတို့ဖြစ်၏။ (မ-၃၊ ပါ။ ၁၁၀) ( ၃ ) မှတ်

**စားနပ်ရိက္ခာထုပ်ဖြင့် သွားရောက်ဖူးမြင်ထိုက်သော ပရိသတ်မျိုး-**

အဖျင်းကင်းသာ (ဝါ) အဖျင်းမရှိသော ပရိသတ်

အဖျင်းမရှိ၍ စင်ကြယ်သော ပရိသတ်

အနှစ်သာရ၌ တည်သော ပရိသတ် ဖြစ်၏။ (မ-၃၊ ပါ။ ၁၂၃) ( ၃ ) မှတ်

---

၅။ အပေါင်းအဖော်မှ ဖဲခွါ၍ တစ်ပါးတည်းနေသော ရဟန်း ရရှိနိုင်မည့်အကျိုးတရားတို့ကို ရေး၍ အရှင်ဗာကုလ၏ အံ့ဩဖွယ်တရားတို့တွင် နောက်ဆုံး (၃) မျိုးကိုသာ ဖော်ပြပါ။

၅-ဖြေ **တပါးတည်းနေသော ရဟန်း ရနိုင်မည့်အကျိုး-**

ကာမတို့မှ ထွက်မြောက်ခြင်းချမ်းသာ
ကိလေသာတို့မှ ကင်းဆိတ်ခြင်းချမ်းသာ
ရာဂစသည်တို့၏ ငြိမ်းအေးခြင်းချမ်းသာ
မဂ်ဉာဏ်ကို သိခြင်းကို ဆောင်နိုင်သောချမ်းသာကို အလိုရှိတိုင်းရခြင်း
မငြိုမငြင်ရခြင်း မပင်မပန်း ရခြင်းဟူသော အကျိုးများ။ (မ-၃၊ ပါ။ ၁၅၂) ( ၅ ) မှတ်

**အရှင်ဗာကုလ၏ အံ့ဩဖွယ်တရားတို့တွင် နောက်ဆုံး(၃)မျိုး-**

(၁) ရဟန်းဖြစ်၍ (၇)ရက်သာလျှင် ကိလေသာမြူရှိသော ပုထုဇဉ်ဖြစ်၍ တိုင်းပြည်၏ ဆွမ်းကို စားခဲ့ဖူးခြင်း၊ (၈)ရက်မြောက်နေ့၌ အရဟတ္တဖိုလ်သည် ထင်ရှားဖြစ်ခြင်း။

(၂) အရှင်ဘုရားတို့ ရှေ့သို့ တက်ကုန်လော့၊ အရှင်ဘုရားတို့ ရှေ့သို့ တက်ကုန်လော့၊ ယနေ့ အကျွန်ုပ်၏ ပရိနိဗ္ဗာန်စံဝင်ခြင်းသည် ဖြစ်လိမ့်မည်ဟု ပြောခြင်း။

(၃) အရှင်ဗာကုလသည် ရဟန်းအပေါင်းအလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန်စံဝင်ခြင်း ဖြစ်၏။ (မ-၃၊ ပါ။ ၁၆၈) (၅ ) မှတ်

---

၆။ " အပါယ်သို့ ကျရောက်သူသည် လူ့အဖြစ်ကို ပြန်ရရန် အလွန်ရခဲ၏ " ဟု အဘယ့်ကြောင့် ဟောကြားတော်မူသည်ကို ဖြေဆို၍ ယမမင်း၏ တောင့်တချက် (၅) မျိုးကိုလည်း ဖော်ပြပါ။

၆-ဖြေ **လူအဖြစ်ပြန်ရရန် အလွန်ရခဲ၏ဟု အဘယ်ကြောင့် ဟောကြားတော်မူ-**

အပါယ်ဘုံ၌ တရားကျင့်ခြင်း
အညီအမျှကျင့်ခြင်း
ကုသိုလ်ပြုခြင်း
ကောင်းမှုပြုခြင်းတို့သည် မရှိသောကြောင့်။ (မ-၃၊ ပါ။ ၂၀၇)( ၅ ) မှတ်

**ယမမင်း၏ တောင့်တချက် (၅)မျိုး**

၁။ လူအဖြစ်ကို ရလိုခြင်း
၂။ လောက၌ ပူဇော်အထူးကို ခံတော်မူတိုက် မဖောက်မပြန်ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရား ပွင့်တော်မူလိုခြင်း
၃။ ထိုမြတ်စွာဘုရားကို ဆည်းကပ်ရလိုခြင်း
၄။ ထိုမြတ်စွာဘုရားလည်း ငါ့အား တရာဟောစေလိုခြင်း
၅။ ငါသည်လည်း မြတ်စွာဘုရား ဟောသောတရားတော်ကို သိလိုခြင်း။

(မ-၃၊ ပါ။ ၂၂၄) ( ၅ ) မှတ်

---

၇။ အဘယ်သို့သော ရဟန်းကို " ကောင်းသော ညဉ့်တစ်ညဉ့်ကို ပိုင်ဆိုင်သောရဟန်း " ဟု မိန့်ကြားတော်မူသည်ကို ရေးပါ။

၇-ဖြေ အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂါတ်ခန္ဓာကိုလည်း မတောင်းတရာ၊ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂါတ်ခန္ဓာလည်း မရောက်သေး၊

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း၊ ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန်ပွားများရာ၏။

အဘယ်သူသည် နက်ဖြန်၌ သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏၊ ငါတို့မှာ များသောစစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။

ဤသို့ နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ညဉ့်ပတ်လုံး မပျင်းမရိအားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တစ်ညဉ့်ရှိသော ရဟန်း"ဟု ဟောကြားတော်မူ၏။

(မ-၃၊ ပါ။ ၂၂၆) ( ၁၀ ) မှတ်

---

၈။ ဖြစ်လေရာဘဝတို့၌ အခြံအရံပေါများစေတတ်သော အကျင့်တရားများကို ရေး၍ အဆောတလျင် စကားပြောခြင်း၏ အပြစ်များကိုလည်း အရဏဝိဘင်္ဂသုတ်အရ ထုတ်ပြပါ။

၈-ဖြေ **အခြံအရံပေါများစေတတ်သော အကျင့်**

အချို့သော မိန်းမ ယောကျ်ားဖြစ်သောသူသည် ငြူစူခြင်းနှင့် မယှဉ်သောစိတ်ရှိခြင်း၊

သူတပါးတို့၏ လာဘ်များခြင်း, အရိအသေပြုခံရခြင်း, မြတ်နိုးခံရခြင်း, ရှိခိုးခံရခြင်း, ပူဇော်ခံရခြင်းတို့၌ မငြူစူခြင်း၊

ငြူစူခြင်း၏ အစွမ်းဖြင့် မဆဲရေး, မပြစ်မှားခြင်း၊

ငြူစူခြင်းကို မနှောင်ဖွဲ့ခြင်း ဖြစ်၏။ (မ-၃၊ ပါ။ ၂၄၆)( ၅ ) မှတ်

**အဆောတလျင် စကားပြောခြင်း၏ အပြစ်များ**

လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ ကိုယ်သည်လည်း ပင်ပန်းခြင်း၊

စိတ်သည်လည်း ဆင်းရဲခြင်း (ပင်ပန်းခြင်း)

အသံလည်း ပျက်စီးခြင်း

လည်ချောင်းလည်း နာခြင်း

မသန့်ရှင်း မပြတ်သားခြင်းတို့ ဖြစ်၏။ (မ-၃၊ ပါ။ ၂၇၇) ( ၅ ) မှတ်

---

၉။ အရှင်သာရိပုတ္တရာ ဟောကြားတော်မူသော တရားတော်ကို နာယူပြီးနောက် အနာထပိဏ်သူဌေး ငိုကြွေးရခြင်းအကြောင်းနှင့် ထိုသို့ငိုကြွေးပြီးနောက် တိုက်တွန်းသော စကားရပ်ကိုလည်း ရေးပါ။

၉-ဖြေ **အနာထပိဏ်သူဌေး ငိုကြွေးခြင်းအကြောင်း-**

အရှင်ဘုရားအာနန္ဒာ အကျွန်ုပ်သည် စည်းစိမ်တို့၌ မငြိကပ်ပါ၊ ကုသိုလ်တို့၌လည်း မဆုတ်နစ်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ဆည်းကပ်ပါ၏၊ စိတ်ကိုပွားစေတတ်သော ရဟန်းတို့ကိုလည်း ဆည်းကပ်ပါ၏၊ သို့သော်လည်း အကျွန်ုပ်သည် ဤသို့ သဘောရှိသော တရားစကားကို မကြားဖူးသောကြောင့် ငိုကြွေးသည်။ (မ-၃၊ ပါ။ ၃၀၅)( ၅ ) မှတ်

**ငိုကြွေးပြီးနောက် တိုက်တွန်းသော စကား**

အရှင်ဘုရားသာရိပုတ္တရာ တိုက်တွန်းပါ၏ ... အဝတ်ဖြူဝတ်သော သူတို့မှာလည်း ဤသို့သဘောရှိသော တရားစကားကို ထင်ပါစေ၊ အရှင်ဘုရား ဉာဏ်မျက်စိ၌ ကိလေသာမြူမှုနည်းသော သဘောရှိ ကုန်သော အမျိုးကောင်းသားတို့သည် ရှိကြပါကုန်၏၊ တရားတော်ကို မနာကြားရခြင်းကြောင့် တရားတော်မှ ဆုတ်ယုတ်နေကြပါကုန်၏၊ တရားတော်ကို သိလွယ်သူတို့သည် ရှိကြပါကုန်လတ္တံ့ ဟု တိုက်တွန်း၏။

(မ-၃၊ ပါ။ ၃၀၅) ( ၅ ) မှတ်

---

၁၀။ သုနာပရန္တတိုင်းသားများအပေါ် အရှင်ပုဏ္ဏရဟန်း၏ စိတ်နေစိတ်ထားတို့ကို အစဉ်တကျ ဖော်ပြ၍ ယင်းသုနာပရန္တတိုင်း၌ နေထိုင်ရခြင်းကြောင့် ရရှိအပ်သော အကျိုးတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

၁၀-ဖြေ **အရှင်ပုဏ္ဏ၏ စိတ်နေစိတ်ထား-**

၁။ သုနာပရန္တတိုင်းသားတို့သည် ဆဲရေး ခြိမ်းခြောက်ရာ၌ ဤသုနာပရန္တတိုင်းသားတို့သည် ''ငါ့အား လက်ဖြင့် မပုတ်ခတ်ကြသေးပေ၊ ဤသုနာပရန္တတိုင်းသားတို့သည် တော်ကြလေစွ၊ အလွန်တော်ကြလေစွ။

၂။ လက်ဖြင့် ပုတ်ခတ်ရာ၌ဤသုနာပရန္တတိုင်းသားတို့သည် ''ငါ့အား ခဲဖြင့် မပေါက်ကြသေး"။

၃။ ခဲဖြင့် ပေါက်ရာ၌ ''ငါ့အား တုတ်ဖြင့် မရိုက်ကြသေး"။

၄။ တုတ်ဖြင့် ရိုက်ရာ၌ ''ငါ့အား ဓားဖြင့် မခုတ်ကြသေး"။

၅။ ဓားဖြင့် ခုတ်ရာ၌ '' ငါ့အား ထက်စွာသော ဓားဖြင့် အသေမသတ်သေး"။

၆။ အသေသတ်ရာ၌ ''ကိုယ်၌လည်းကောင်း, အသက်၌လည်းကောင်း ငြီးငွေ့ရွံရှာစက်ဆုပ်သည် ဖြစ်၍ သေစေနိုင်မည့် လက်နက်ကို ရှာဖွေကြကုန်သော မြတ်စွာဘုရား၏ တပည့်များရှိကြသေး၏၊ ထိုသေစေနိုင်သည့် လက်နက်ကို ငါက မရှာဖွေရဘဲ ရပေပြီ" ဟူသော စိတ်ထားများ ဖြစ်၏။ (မ-၃၊ ပါ။ ၃၁၃)( ၆ ) မှတ်

**ရရှိအပ်သော အကျိုး**

အရှင်ပုဏ္ဏသည် ထိုဝါတွင်းမှာပင် ငါးရာအတိုင်းအရှည်ရှိသော ဥပါသကာယောကျ်ားတို့ကို သစ္စာ(၄)ပါးတရားကို သိစေခြင်း၊ ငါးရာအတိုင်းအရှည်ရှိသော ဥပါသိကာမိန်းမတို့ကို သစ္စာ(၄)ပါးတရားကို သိစေခြင်း၊ အရှင်ပုဏ္ဏသည် ထိုဝါတွင်း၌ပင် ဝိဇ္ဇာ(၃)ပါးကို မျက်မှောက်ပြု၍ နောင်အချိန်၌ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ (မ-၃၊ ပါ။ ၃၁၄) ( ၄ ) မှတ်

---